# ခင်နှင်းယု၏ သမိုင်းအမြင်ကို ရှင်သန်စေသော ဝတ္ထုတိုများ

နွဲ့နွဲ့ရီ*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ခင်နှင်းယု၏ ဝတ္ထုတိုများအနက်မှ သမိုင်းအမြင်ကို ရှင်သန်စေ သော ဝတ္ထုများကို လေ့လာတင်ပြသော စာတမ်းဖြစ်ပါသည်။ ရသစာပေများတွင် ထိုရသ စာပေပေါ်ထွက်ရာ ခေတ်အခြေအနေ၊ စာရေးသူ၏ ဘဝပတ်ဝန်းကျင်နှင့် စိတ်နေ သဘောထားများ ထင်ဟပ်လျက်ရှိတတ်ကြသည်။ ခင်နှင်းယု၏ ဝတ္ထုတိုများတွင်လည်း ခင်နှင်းယု ဖြတ်သန်းခဲ့သော ကိုလိုနီခေတ် နှောင်းပိုင်း တို့ဗမာအစည်းအရုံးတည်ထောင်စ ကာလနှင့် လွတ်လပ်ရေးရပြီးစ ဖဆပလခေတ်၏ ပုံရိပ်များ ထင်ဟပ်နေသောကြောင့် ထိုခေတ် ကာလ၏ သမိုင်းပုံရိပ်များကို လေ့လာတင်ပြပါမည်။

သော့ချက်စကားလုံးများ– ဝတ္ထုတို၊ စာရေးသူ၊ သခင်လူငယ်၊ ဖဆပလခေတ်၊ ပုံရိပ်များ။

## နိဒါန်း

ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းသည် မိမိတို့၏ကိုယ်ပိုင် ယဉ်ကျေးမှုများဖြင့် ရပ်တည်နေကြသည်။ လူမျိုး တစ်မျိုးစီတွင် ကိုယ်ပိုင်ယဉ်ကျေးမှု အမျိုးမျိုးရှိကြသည်။ အမျိုးမျိုးသော ယဉ်ကျေးမှုများ အနက်မှ စာပေယဉ်ကျေးမှုသည် လူမျိုးတိုင်းအတွက်အရေးပါသည်။ စာပေသည် လူမျိုးအသီးသီး တို့၏ အတွေးအမြင် ရှင့်သန်စေရန်၊ လူ့ယဉ်ကျေးမှု ခိုင်မာစေရန်များစွာ အထောက်အကူပြုသည်။ ထို့ကြောင့် စာပေမြင့်မှလူမျိုးမြင့်မည်ဟု ဆိုရိုးစကားပေါ်ထွက်ခဲ့သည်။ မြန်မာစာပေတွင် မြန်မာ လူမျိုးတို့၏ အတွေးအမြင်ကို ရှင့်သန်စေသော စာပေများခေတ်ကာလအလျောက် ပုံစံအမျိုးမျိုးဖြင့် ပေါ်ပေါက်ခဲ့သည်။ ၂၀ ရာစုဝန်းကျင်တွင် စတင်ပေါ်ပေါက်ခဲ့သော ဝတ္ထုစာပေများတွင် မြန်မာ လူမျိုးတို့၏ အတွေးအမြင်ကို ရှင့်သန်စေသော ဝတ္ထုတို၊ ဝတ္ထုရှည်များ ပေါ်ထွက်ခဲ့သည်။ ဤ စာတမ်းတွင်ဝတ္ထုစာပေများအနက် ခင်နှင်းယုရေးသားသည့် ဝတ္ထုတိုများမှသမိုင်းအမြင်ကိုရှင်သန် စေသော ဝတ္ထုတိုများကို လေ့လာတင်ပြပါမည်။

### ၁၊ ၁။ သုတေသနမေးခွန်းနှင့်ပြဿနာ

၁။ ခင်နှင်းယု၏ ဝတ္ထုတိုများသည် သမိုင်းပုံရိပ်ကို ထင်ဟပ်မှုရှိပါသလား။

၂။ ဝတ္ထုတိုများမှ သမိုင်းပုံရိပ်များကို ဆင်ခြင်၍ ဘဝသင်ခန်းစာများ၊ သမိုင်းသင်ခန်းစာများ ရရှိနိုင်ပါသလား။

၃။ ဝတ္ထုတိုများမှ သမိုင်းပုံရိပ်များသည် အမျိုးသားရေးတာဝန်များကို မတိမ်းမစောင်း ထမ်းဆောင်ရန် အထောက်အကူပြုနိုင်ပါသလား။

စသည်ဖြင့် မေးခွန်းများကို တွေ့ရသည်။

---

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ဟသ်ာတတက္ကသိုလ်။

ထိုမေးခွန်းများကို သတိပြုမိရာမှ သမိုင်းပုံရိပ် ထင်ဟပ်သော မြန်မာဝတ္ထုတိုများကို မြန်မာပရိတ်သတ် အထူးသဖြင့် လူငယ်ပရိသတ်တို့ ဖတ်ရှုလေ့လာခြင်း ရှိ၊ မရှိမှာ ပြဿနာတစ်ရပ်ဖြစ်ခဲ့ပါသည်။

**၁၊ ၂။ သုတေသနခေါင်းစဉ်နှင့် သုတေသနပြဿနာဆက်စပ်မှုရှိပုံ**

ဤစာတမ်းကိုရေးဖွဲ့ရာတွင် ခင်နှင်းယု၏ သမိုင်းအမြင်ကို ရှင်သန်စေသော ဝတ္ထုတိုများ ခေါင်းစဉ်ဖြင့် ရေးသားတင်ပြပါသည်။ ခင်နှင်းယု၏ ဝတ္ထုတိုများတွင် ခင်နှင်းယု ရှင်သန်ကြီးပြင်းရာ ဝါးခယ်မမြို့နှင့် မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ သခင်လူငယ်တို့၏ ကြိုးစားအားထုတ်မှု၊ မျိုးချစ်စိတ်ဓာတ်များ၊ လွတ်လပ်ရေးရပြီးစ အမျိုးမျိုးကွဲပြားလျက်ရှိသော နိုင်ငံရေးအယူအဆများနှင့် ခေတ်၏သဘောသဘာဝများကို ပီပြင်စွာရေးသားတင်ပြထားသည်ကိုတွေ့ရသည်။ ထိုဝတ္ထုတိုများမှ သမိုင်းပုံရိပ်များသည် ဘဝသင်ခန်းစာများ ရရှိနိုင်သည်။ သမိုင်းပုံရိပ်ဘဝ သင်ခန်းစာများမှတစ်ဆင့် အမျိုးသားရေးတာဝန်များ မတိမ်းမစောင်း ထမ်းဆောင်ရန်အတွက် လူငယ်ထုစာဖတ်ပရိတ်သတ်များသည် ခင်နှင်းယု၏ ဝတ္ထုတိုများကို ဖတ်ရှုလေ့လာသင့်သည်။ ထို့ကြောင့် ဤစာတမ်းတွင် သုတေသနခေါင်းစဉ်နှင့် သုတေသနပြဿနာတို့ ဆက်စပ်မှုရှိပါသည်။

**၁၊ ၃။ စာပေလေ့လာဆန်းစစ်ချက်**

ဤစာတမ်း ရေးသားတင်သွင်းနိုင်ရေးအတွက် စာအုပ်စာပေများကို လေ့လာဖတ်ရှုရာတွင်

| | |
|---|---|
| ခင်နှင်းယု | – ခင်နှင်းယုဝတ္ထုတိုများပေါင်းချုပ် |
| ဇော်ဂျီ | – ရသစာပေအဖွင့်နှင့်နိဒါန်း |
| ဇော်ဇော်အောင် | – စာပေသဘောတရားနှင့်ဝေဖန်ရေးအခြေခံကျမ်း |
| တက္ကသိုလ်ဘုန်းနိုင် | – ခပ်သိမ်းကလျာရှုဖွယ်သာတည်း |
| ဒဂုန်တာရာ | – စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု |
| ဒဂုန်တာရာ | – အလှဗေဒ ၁၊ ၂ |
| ပါမောက္ခဦးတင်ရွှေ | – စာပေနှင့်စာပေသဘောတရားအဖွင့်စာအုပ်များ |
| မမိုးမြေ | – ဝတ္ထုတိုသဘောတရား၊ ဝတ္ထုတိုအတတ်ပညာ |
| သတင်းနှင့်စာနယ်ဇင်း | – တပ်မတော်သမိုင်း(ပထမတွဲ) |

ကို လေ့လာဖတ်ရှုပါသည်။

**၁၊ ၄။ စာရေးသူနှင့်စာပေ**

စာပေလက်ရာတစ်ခုကိုလေ့လာလျှင် ထိုစာပေဖန်တီးသူ၏ဘဝနှင့် ဆက်စပ်လေ့လာခြင်းသည် ပိုမိုပြည့်စုံသော လေ့လာမှုတစ်ခုဖြစ်သည်။ ထို့ကြောင့် ခေတ်အဆက်ဆက်စာပေလေ့လာသူတို့သည် စာပေလက်ရာများကို လေ့လာကြရာတွင် စာရေးသူ၏ဘဝနှင့်ဆက်စပ် လေ့လာကြပါသည်။ စာကောင်းပေမွန်မှန်သမျှတို့တွင် စာရေးသူ၏ဘဝအတွေ့အကြုံနှင့် စေတနာတို့သည် ပါဝင်မြဲဖြစ်သည်။ ထို့ပြင် စာရေးသူ၏ ဘဝအသိအမြင်၊ စေတနာကျယ်ပြန့်နက်ရှိုင်းမှုနှင့် ဖန်တီးမှုစွမ်းအားတို့ပေါ်တွင် မူတည်၍ စာပေသည်နှစ်သက်ဖွယ်နှင့်အတူ အသိအမြင်ရရှိစေပါသည်။

စာပေနှင့် စာရေးသူ၏ ဆက်စပ်မှုသဘောကို ရသစာပေအဖွင့်နှင့် နိဒါန်းစာအုပ်တွင် ဆရာဇော်ဂျီက

"အင်အားကြီးသော အာနိသင်ပါနိုင်မှုသည် စာရေးဆရာ၏ စေတနာအမှန် ပေါ်၌တည်သည်ဟု လည်းကောင်း၊ ထိုစေတနာမှန် ကျရောက်ရာဖြစ်သော သက်ရှိသက်မဲ့လောကအဖြစ်အပျက် အမှုအရာတို့၏ အနုအရင့်အတိမ်အနက် ပေါ်၌လည်း (ဝါ) ဘဝအကြောင်းအရာအပေါ်၌လည်း တည်နေသေးသည်ဟု လည်းကောင်း သတိပြုအပ်ပါသည်" (ဇော်ဂျီ၊ စာ ၁၈၁၊ ၂၀၁၅)

ဟုဆိုထားပါသည်။

ဒဂုန်တာရာကလည်း စာပေသဘောတရားစာအုပ်တွင်−

"စာရေးဆရာသည် စာပေတစ်ပုဒ်ဖွဲ့နွဲ့ရေးသားရာ၌ သူတကယ်တွေ့ကြုံခံစားရသော အဖြစ်အပျက်မှ သရုပ်ဖော်ဖွဲ့နွဲ့မှုကိုလည်း ယူမည်။ သူဖြစ်ချင် သောဘဝစိတ်ကူးလှိုင်းမှ စိတ်ကူးယဉ်ဖွဲ့နွဲ့မှုကိုလည်း ယူမည်ဖြစ်သည်။"(စာ ၉၉)

ဟုဆိုထားပေသည်။

ထို့ပြင်ဆရာဇော်ဇော်အောင်ကလည်း

"စာတစ်ပုဒ်သည် သူ့အလိုလို သီးပွင့်ပေါ်ပေါက်လာသည် မဟုတ်။ ဖန်တီးသူ၊ ပြုလုပ်သူ၊ ရေးသူဟူ၍ ရှိစမြဲ။ စာရေးဆရာသည် လက်ရင်းအကျဆုံးဖြစ်သည်။ သူမရှိလျှင် သူ့စာမရှိ။ ထို့ကြောင့် သူ့ကို ပင်မလက်ရင်းထား၍ လေ့လာကြသည်။" (စာ ၄၀)

ဟုဖော်ပြထားသည်။

ထို့ကြောင့် စာပေနှင့်စာရေးသူသည် ခွဲခြား၍မရပါ။ ထို့ပြင် စာပေလက်ရာတိုင်းတွင် စာရေးသူရှင်သန်ကြီးပြင်းရာ ဘဝပတ်ဝန်းကျင်ကိုလည်း ထင်ဟပ်ပါဝင်နေတတ်သည်။ ထိုကဲ့သို့ ဘဝပတ်ဝန်းကျင်ကို ထင်ဟပ်ရေးဖွဲ့သော ဝတ္ထုများသည်ပင် ပိုမိုသက်ဝင်လှုပ်ရှားနေတတ်၍ နှစ်သက်ဖွယ်လည်း ကောင်းတတ်ပါသည်။ အသင့်ယုတ္တိရှိပြီး ဘဝအမြင်ကိုလည်း သိလွယ်မြင်လွယ်စေပါသည်။

ဤသို့အားဖြင့် ခင်နှင်းယုသည်လည်း သူ၏ဘဝ၊ သူ၏ခေတ်ကာလတို့တွင် တွေ့ကြုံဆုံဆည်းခဲ့ရသည့် အဖြစ်အပျက်များနှင့် လူအများ၏စရိုက်များကို သူ၏ဝတ္ထုများတွင် သဘာဝ ကျကျ သက်ဝင်စွာရေးဖွဲ့တင်ပြထားပါသည်။

## ၁၊ ၅။ ကမ္ဘာကြေသော်လည်း ဥဒါန်းမကြေ

ခင်နှင်းယု၏ ဝတ္ထုတို၊ ဝတ္ထုရှည်များသည် စာရေးသူ၏ဘဝပတ်ဝန်းကျင်တွင် တွေ့မြင်ရသော လူတန်းစား အသီးသီးတို့၏ ဘဝအဖြစ်အပျက်စရိုက် လက္ခဏာများကို သဘာဝကျစွာ တွေ့မြင်ရသည်။ လူတန်းစားအသီးသီးတို့၏ စရိုက်များ၊ အဖြစ်အပျက်များအနက်မှ စာရေးသူဖြတ်သန်းခဲ့ရာ ခေတ်နောက်ခံ၊ နိုင်ငံရေး အပြောင်းအလဲများနှင့် နိုင်ငံရေးရေစီးကြောင်းတွင်ပါဝင် လှုပ်ရှားခဲ့ကြသူများ၏ စရိုက်သဘာဝ အသီးသီးကိုလည်းတွေ့ရသည်။

ကမ္ဘာကြေသော်လည်း ဥဒါန်းမကြေဝတ္ထုသည် ဝါးခယ်မမြို့ တို့ဗမာအစည်းအရုံးစတင်တည်ထောင်ပုံမှ ဇာတ်လမ်းစ၍ လွတ်လပ်ရေးရပြီးစ ပြည်တွင်းစစ်ကာလအထိ နောက်ခံပြုရေးဖွဲ့ထားသည်။ ဇာတ်လမ်းဖန်တီးပုံမှာလည်း ထူးခြားသည်။ ဇာတ်လမ်း၏အစတွင် သခင်တင်မောင်ဘဝမှ ဗိုလ်မှူးသီဟအဖြစ် ရောက်ရှိခဲ့ပြီဖြစ်သော ဇာတ်ဆောင်တစ်ဦးမှ မိမိဇာတိမြေ ဝါးခယ်မမြို့ သို့ပြန်ရောက်ခဲ့သည်။ ဝါးခယ်မမြို့၏ ကျက်သရေဆောင် သကျမဟာသီရိ ဘုရားကြီးရင်ပြင် ပုညတန်ဆောင်းမှ ရှုမြော်ရင်း အတိတ်ဇာတ်လမ်းများကို တစ်ရေးရေးမြင်ပုံဖြင့် နောက်ကြောင်းပြန်ဇာတ်လမ်းကို အစပျိုးရေးဖွဲ့ခဲ့သည်။

ဝါးခယ်မမြို့တွင် သခင်လူငယ်များနှင့် တို့ဗမာအစည်းအရုံးစတင်ပုံကို

"ထိုစဉ်က ဝါးခယ်မမြို့သည် သခင်လူငယ်တို့၏ လှုပ်ရှားမှုကို စိတ်မဝင်စားသေး ပါ။ ပေါတောတော၊ ကြောင်တောင်တောင် လူငယ်တစ်စု၏ လှုပ်ရှားမှုလောက် ပါပဲ။" (စာ ၅၉)

ဟုရေးသားထားသည်။

ထို့နောက် ဝါးခယ်မမြို့မှသခင်လူငယ်များ၏ စည်းရုံးလှုပ်ရှားမှုများကြောင့် မြောင်းမြခရိုင်တို့ဗမာအစည်းအရုံး ဌာနချုပ်ကို ဝါးခယ်မမြို့သို့ ပြောင်းရွှေ့ထားရပုံများကို ဆက်လက်ရေးသားတင်ပြသည်။ တို့ဗမာအစည်းအရုံး၏ လက်ရုံးတပ်ကို ဝါးခယ်မတွင်ဖွင့်လှစ်ခဲ့သည်။ ထို့နောက် တို့ဗမာအစည်းအရုံး၏ စစ်ရေးလေ့ကျင့်မှုကို အင်္ဂလိပ်အစိုးရမှ ခွင့်မပြုသဖြင့် ကိုယ်လက်လှုပ်ရှားကျန်းမာရေး လေ့ကျင့်သည့်အသွင်နှင့် စစ်ရေးလေ့ကျင့်ခန်းများ လုပ်ကြရပုံကို ရေးဖွဲ့သည်။

ဝါးခယ်မမြို့မှ လက်ရုံးတပ်သည် နိုင်ငံလွတ်လပ်ရေးအတွက် အရေးပါသော အင်အားစုတစ်ရပ် ဖြစ်ပေါ်လာပုံကို-

"အမှန်တော့ တို့ဗမာအစည်းအရုံး၏ လက်ရုံးတပ်သည် ယနေ့ဗမာ့တပ်မတော်ကို မွေးဖွားပေးလိုက်ခြင်းဖြစ်သည်။"(စာ ၆၁)

ဟုဝတ္ထုတွင် ရေးသားဖော်ပြထားသည်။

ထိုစဉ်က တို့ဗမာအစည်းအရုံးဝင် သခင်များသည် တိုင်းပြည်လွတ်လပ်ရေးအတွက် ကိုယ်ကျိုး စီးပွားများ အပျက်ခံခဲ့ရပုံများကို သခင်အုံးဖေ၏ဘဝဖြစ်စဉ်နှင့် ထင်ရှားအောင်ပြသခဲ့သည်။ သခင်အုံးဖေသည် သူ၏ဆန်စက်မှ ရငွေများကို တို့ဗမာအစည်းအရုံးတွင် ထည့်သွင်းခဲ့ သည်။ ထို့ပြင် အစည်းအရုံးကိစ္စများတွင်သာ အချိန်ကုန်ခဲ့ရသောကြောင့် ဆန်စက်ပုံမှန်မလည်နိုင် ခဲ့ခြင်းကို-

"မလည်တစ်ချက် လည်တစ်ချက် သခင်အုံးဖေစက်"(စာ ၆၁)

ဟု ပြောစမှတ်တွင်သည်အထိ တိုင်းပြည်လွတ်လပ်ရေးရရန်သာ ကြိုးပမ်းခဲ့ပုံကို ရေးသားတင်ပြထားသည်။

ထိုမျှမက သခင်လှစိန်ကလည်း သူ့လက်ဖက်ရည်ဆိုင်မှ အမြတ်ရသမျှကို တို့ဗမာအစည်းအရုံးရန်ပုံငွေအဖြစ် ထည့်ခဲ့ပေသည်။ အခြားသော သခင်များသည်လည်း မိမိတို့ အိပ်ထဲမှာရှိသောငွေနှင့် မိမိတို့စိုက်ကာ တို့ဗမာအစည်းအရုံး၏ လုပ်ငန်းစဉ်များ အောင်မြင်အောင်လုပ်ဆောင်ကြရပုံကို-

"ကျန်သခင်တွေလည်း ကိုယ်အိပ်ထဲကရှိသမျှ အိပ်စိုက်အလုပ်လုပ်ကြရခြင်းဖြစ်၏။ တကယ်တော့ သူတို့တစ်ခါတစ်ရံ နပ်မှန်အောင် ထမင်းမစားရပါ။ သခင်ကို မလိုသူတို့က ထမင်းဝတ်မျိုးတွေဟု ဆိုကြသည်မှာ တကယ်တော့ မမှားပါ။ သို့သော် တိုင်းပြည်အတွက် အငတ်ခံခြင်းဖြစ်သည်။" (စာ ၆၂)

ဟု ရေးသားတင်ပြထားသည်။

ထို့နောက် မြောင်းမြခရိုင်လုံးဆိုင်ရာ လယ်သမားညီလာခံကြီးကို မြောင်းမြခရိုင်၊ ဝါးခယ်မ မြို့နယ်၊ ကျုံမငေးမြို့တွင်ကျင်းပရန်ဆုံးဖြတ်ချက်ချခဲ့ပြီး လယ်သမားထုကြီးအတွက်သခင်လူငယ်တို့ အစစကြိုတင်စီမံပုံကို ဝတ္ထုတွင် ရေးသားဖော်ပြထားသည်။

ထို့နောက် အင်္ဂလိပ်အစိုးရသည် သခင်လူငယ်များကို ဖမ်းဆီးခဲ့ရာတွင် သခင်မောင်မောင် နှင့် သခင်စန်းရှိန်တို့ အဖမ်းခံခဲ့ရသည်။ ထိုအခါ သခင်မောင်မောင်၏မိခင် ဒေါ်သိန်းတင်၏ စိတ်ဓာတ်ကို–

" ယခင်အတိုင်း ဘီးဆံပတ်မြင့်မြင့်ပတ် ကာ သနပ်ခါးအဖွေးသားနှင့် သားကိုလာ တွေ့၏။" (စာ ၇၂)

ဟု သရုပ်ဖော်ရေးသားထားသည်။

ထို့မျှမက ဒေါ်သိန်းတင်သည် သားဖြစ်သူ သခင်မောင်မောင်အား အတွေးအမြင်ရင့်ကျက် ၍ လမ်းမှန်ကို လျှောက်လှမ်းနိုင်စေရန် နည်းပေးလမ်းပြပြုလုပ်နိုင်ပုံကို–

"သခင်သန်းလေး ဟောပြောတာကို မေမေမကြိုက်ဘူး။ နိုင်ငံရေးဆိုတာဆဲဖို့ မဟုတ် ဘူး။ ….. ။ အထူးသဖြင့် မေမေ မကြိုက်ဆုံးက အကြမ်းဖက်လက်နက် ကိုင်ဝါဒ" (စာ ၇၅)

ဟူ၍ ပုံဖော်ရေးသားထားသည်။ ထို့နောက် ဒေါ်သိန်းတင်၏ ခင်ပွန်းကသားဖြစ်သူ သခင် မောင်မောင် ထောင်မှလွတ်မြောက်စေရန် အင်္ဂလိပ်အစိုးရထံ ဝန်ချတောင်းပန်လျှင် ကောင်းမည် လားဟု စကားဆိုလာ သောအခါ–

"မောင်မောင့်ကို ကျွန်မဗိုက်ထဲက မွေးလာတာ။ ရှင်မွေးတာမဟုတ်ဘူး……။ ဘယ်တော့မှ ဒီဖြိတိသျှအစိုးရကို ဒူးမထောက်ဘူး။ လက်မြောက်အရှုံးမပေးဘူး၊ တောင်းပန်စာလည်း ဘယ်တော့မှမရေးဘူး" (စာ ၇၆)

ဟု သရုပ်ဖော်ရေးဖွဲ့ထားသည်။ အင်္ဂလိပ်အစိုးရကို တော်လှန်လိုသော ထိုခေတ်မိခင်တစ်ယောက် ၏ စိတ်ဓာတ်ကို တွေ့မြင်နိုင်သည်။

ထို့နောက် ဂျပန်လွတ်လပ်ရေးခေတ်တွင် သခင်မောင်မောင်သည် ဗိုလ်မှူးသီဟဖြစ်ခဲ့ပြီး တပ်မှအနားယူပြီးသောအချိန်တွင် တစ်ချိန်က ဝါးခယ်မမြို့ တို့ဗမာအစည်းအရုံးတွင် သေအတူ ရှင်မခွဲ လက်တွဲခဲ့သော သခင်စန်းရှိန်သည် ကွန်မြူနစ်ဖြစ်ကာ တောခိုရင်း တပ်နီဘဝနှင့်ကျဆုံးခဲ့ ရပုံကြောင့် တစ်ချိန်က သခင်မောင်မောင်၊ ယခုဗိုလ်မှူးသီဟ စိတ်မကောင်းဖြစ်ရပုံကို–

"သခင်ဘဝက အငတ်ခံ၊ အဆင်းရဲခံ၊ အတူလက်တွဲလုပ်ခဲ့ကြစဉ်က အကြောင်း တွေ၊ ထောင်ကျတော့လည်း အတူတူ" (စာ ၇၇)

ဟုလည်းကောင်း၊

"ယခုတော့ သူ့ရဲဘော်ကြီးသည် တပ်နီဘဝနှင့်ကျဆုံးသွားရှာပြီ" (စာ ၇၇)

ဟုလည်းကောင်း၊

"မြန်မာပြည်တွင် လွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေးသည် ဘာ့ကြောင့်များ အတူ ယှဉ်တွဲလျက် မရှိပါလိမ့်" (စာ ၇၇)

ဟုလည်းကောင်း တွေးတောခံစားပုံများကို သရုပ်ဖော်ထားသည်။

ထို့နောက် ဗိုလ်မှူးသီဟသည် မွေးရပ်မြေဖြစ်သော ဝါးခယ်မမြို့ ပုညတန်ဆောင်းတွင် အတိတ်၏ပုံရိပ်များကို လွမ်းဆွတ်တသရင်း–

"ရဲဘော်ကြီး သခင်စန်းရှိန် နိုင်ငံရေးအယူအဆကွဲပြားလို့ ရဲဘော်ဟာ တပ်နီဘဝ နဲ့ ကျဆုံးခဲ့ပေမင့် တို့တိုင်းပြည်လွတ်လပ်ရေးအတွက် တို့တစ်တွေ တစ်ချိန်က လက်တွဲပြီး ဖြိတိသျှနယ်ချဲ့ကို အနစ်နာခံ ထောင်ကျခံပြီး တိုက်ပွဲဝင်ခဲ့တဲ့ ရဲဘော် ရဲ့ စွန့်စားခန်းတွေဟာ ဝါးခယ်မသမိုင်းမှ ဥဒါန်းတွင်ရစ်မှာပါ.."(စာ ၇၇)

ဟူ၍ ဝတ္ထု၏ဇာတ်သိမ်းပိုင်းကို ဖော်ပြထားသည်။

ဤသို့အားဖြင့် နယ်ချဲ့အင်္ဂလိပ်အစိုးရကို တော်လှန်ခဲ့ကြသော သခင်လူငယ်များ၏ တော်လှန်ရေးသရုပ်ကို ပီပြင်စွာဖော်ကျူးထားသည်ကိုတွေ့ရသည်။ သို့သော် လွတ်လပ်ရေးရပြီးစ ကာလတွင် နိုင်ငံရေးအယူအဆများ ကွဲပြားခြားနားလာကြသောကြောင့် ရဲဘော်ရဲဘက်များ ဘဝ လမ်းခွဲများကို လျှောက်လှမ်းကြရင်း ရင်နင့်ဖွယ်ဖြစ်ရပ်များ တွေ့ကြုံရင်ဆိုင်ကြရပုံကို သင်ခန်းစာ ယူဖွယ် ရေးသားတင်ပြထားသည်။

## ၁၊ ၆။ တို့ကာဝဠ်တင်

တိုကာဝဠ်တင်ဝတ္ထုတွင်ပါရှိသော ဇာတ်ဆောင်များမှာ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရေး အတွက် တိုက်ပွဲဝင်ခဲ့ကြသော သခင်တို့၏ မတူညီသော ဘဝဇာတ်ကြောင်းများကို ရေးသားခြယ်မှုန်း ထားသော ဝတ္ထုဖြစ်သည်။ ဤဝတ္ထုတွင် ဇာတ်ဆောင်များမှာ သခင်မြထွန်းနှင့် သခင်ထွန်းမြင့်တို့ဖြစ် ကြသည်။ ထိုသခင်နှစ်ဦးနှင့် စာရေးဆရာမ မခင်ယုတို့ တွေ့ဆုံပုံ၊ ရင်ဖွင့်ပုံများကို ဇာတ်လမ်းဆင် ရေးဖွဲ့ထားသည်။ ထိုသုံးဦးအနက်မှ ဇာတ်ဆောင်မခင်ယုဟူသော စာရေးဆရာမ၏ အမည်မှာ စာရေးသူ၏ အမည်ရင်းကိုပင် ဖော်ပြရေးသားထားခြင်းဖြစ်သည်။ ဝတ္ထုတွင် မြန်မာ့ လွတ်လပ်ရေး တိုက်ပွဲများ၌ရှုပ်ရှုပ်ချွံချွံကြိုးပမ်းခဲ့သော်လည်း မထင်ရှားသောအညတရဘဝနှင့်ပင် အနစ်နာခံခဲ့ကြ သော မျိုးချစ်ပုဂ္ဂိုလ်များအား ဂုဏ်ပြုဟန်ဖြင့်ရေးသားတင်ပြထားသည်။

ဝတ္ထု၏အစမှာပင် ဧရာဝတီမြစ်ကြီးဟူ၍ ထီးထီးမားမား ဖြစ်ပေါ်လာစေရန် အစပျိုးပေးခဲ့ သောမေခမြစ်နှင့် မလိခမြစ်တို့၏ ကျေးဇူးတရားနှင့် ချစ်စရာကောင်းပုံကို–

"တသွင်သွင် တငြိမ့်ငြိမ့် စီးဆင်းသော ဧရာဝတီကိုမြင်လေလေ မိဘနှင့်တူသော မေခနှင့်မလိခ မြစ်နှစ်သွယ်ကို ကျွန်မသည်ပိုမို၍ ချစ်ခင်မိ၏။ မြတ်နိုးမိ၏။" (စာ ၁၁၁)

ဟု ရေးဖွဲ့ထားသည်။ ချစ်ခင်မြတ်နိုးအပ်သော သဘာဝတရားကို သင်္ကေတပြု၍ ချစ်ခင်မြတ်နိုးအပ် သော အနစ်နာခံ သခင်တို့၏ဘဝကို နိမိတ်ပုံပြထားသည်။

ထို့နောက် သွားရင်းလာရင်း သခင်မြထွန်းနှင့် မခင်ယုတို့ တွေ့ဆုံခဲ့ပုံ၊ သခင်မြထွန်း၏ အိုမင်းသော ရုပ်ရည်၊ နောင်တပတ်တွင် သခင်မြထွန်းသည် မခင်ယုတို့အိမ်သို့ ရောက်လာပုံ၊ မခင်ယု၏ အကူအညီဖြင့် မျက်မှန်တစ်လက် လုပ်ခဲ့ရပုံများနှင့် ထိုသူနှစ်ဦးတို့ ရှေးဟောင်း နှောင်းဖြစ်များပြန်လည် ပြောကြားကြပုံများဖြင့် ဇာတ်လမ်းဆင်ထားသည်။

ထို့နောက် မခင်ယုတို့အိမ်တွင် သမ္မတကြီးလက်မှတ်ထိုးထားသော မော်ကွန်းဝင်ပထမ အဆင့် လက်မှတ်တစ်ခုကို တွေ့သောအခါ ပြန်ထိုင်ရင်း–

"ဒါတွေကိုမြင်ပြန်တော့အသည်းနာသသား။ ကိုယ့်စိတ်ထဲမှာတော့ နောက်ကိုလည်း ပြန်မတွေးချင်ဘူး။ ရှေ့ကိုလည်းမတွေးချင်ဘူး။ အဲဒီမော်ကွန်းဝင်အဖြစ် သူများ တွေ လျှောက်ကြတော့ ကိုယ့်ကိုရဲဘော်ရဲဘက်တွေက တိုက်တွန်းပါတယ်" (စာ ၁၁၃)

ဟုလည်းကောင်း၊

"ဒီမော်ကွန်းဝင်ပါစေဆိုတဲ့ရည်ရွယ်ချက်နဲ့လည်း ကျုပ်နိုင်ငံရေးလုပ်ခဲ့တာ မဟုတ် ဘူး ။ …….. ကျုပ်ထက်မကအနစ်နာ ခံပြီး၊ အသက်စတေးကြရ …….. ကြိုးပမ်း ခဲ့ကြတဲ့ အလုပ်သမားတွေ၊ လယ်သမားတွေ တွေးမိရင် ကျုပ်လုပ်ခဲ့တာတွေ လောက်နဲ့ ဒီမော်ကွန်းလည်း မဝင်ချင်ပါဘူး" (စာ ၁၁၃)

ဟူ၍ တိုင်းပြည်အရေးအတွက် ရိုးသားစွာကြိုးစားခဲ့သော သခင်မြထွန်း၏ စိတ်ဓာတ်နှင့်ဘဝကို သရုပ်ဖော်ရေးသားထားသည်။ ထို့ပြင် သခင်မြထွန်း၏ ခံစားချက်ကိုလည်း–

"မင်းကိုလေ ပွင့်ပွင့်လင်းလင်း အန်ချရတာ မျက်မှန်ရတာထက် တန်ဖိုးရှိပါတယ်" (စာ ၁၁၃)

ဟု ထပ်မံသရုပ်ဖော်ထားသည်။

ထို့ပြင် သခင်မြထွန်း၏ စကားနှင့်ပင် လွတ်လပ်ရေးရပြီး ဖဆပလခေတ်မှ အချို့သောသူ များ၏စရိုက်ကို–

"လွတ်လပ်ရေးရပြီး ဖဆပလခေတ်မှာ တက်ကြွတဲ့နိုင်ငံရေးသမား လူငယ်ပိုင်း တွေ ကြီးစိုးလာတော့ အမလေး... သူတို့မှ တိုင်းပြည်ကို ချစ်လာသူတွေဖြစ်လာ ပါရောလား" (စာ ၁၁၄)

ဟုလည်းကောင်း၊

မခင်ယုရယ်....ကျုပ်လေ လုပ်စားတဲ့ နိုင်ငံရေးသမားတွေထဲမှာ မပါအောင် တင်းခံ ခဲ့တယ်။ ဒါကြောင့်လည်း မင်းဆီကို မျက်မှန်တစ်လက်အတွက် လာခဲ့ရတဲ့ဘဝ ရောက်ခဲ့တာပဲ။ ဝမ်းမနည်းပါဘူး။ ဒါပေမယ့် သူတို့သာ တိုင်းပြည်ကိုချစ်တာ၊ သူတို့သာ လယ်သမား၊ အလုပ်သမားအတွက် ကြိုးပမ်းတာဆိုတဲ့ လေပေါက်မျိုး ချိုးလာတဲ့အခါကျတော့ အသည်းကို အပ်နဲ့ပေါက်သလို နာကျည်းတယ်။ တဆတ် ဆတ်တုန်တယ်။ ဒါကြောင့် မော်ကွန်းဝင်တွေပေးတော့ သွားမလျှောက်ပါဘူး" (စာ ၁၁၄)

ဟုလည်းကောင်း ရေးသားဖော်ပြခဲ့သည်။

ထို့နောက် မခင်ယုအိမ်သို့ သခင်ထွန်းမြင့် ရောက်လာပုံနှင့် ဇာတ်လမ်းကို ချိတ်ဆက်ထားသည်။ သခင်ထွန်းမြင့်မှာ သခင်မြထွန်းလောက်မအိုမင်းသေး။ ကားကလေးဖြင့် ရောက်ရှိလာခြင်းဖြစ်ပြီး သခင်ထွန်းမြင့်၏ ရှင်ပျသွက်လက်နေပုံကို သရုပ်ဖော်ထားသည်။ ထိုသရုပ်ဖော်အဖွဲ့အရ သခင်ထွန်းမြင့်နှင့် သခင်မြထွန်းတို့၏ လက်ရှိဘဝတွင် ဘဝအခြေအနေ မတူညီပုံကို သိမြင်ခံစားလာစေသည်။

ထို့နောက် သခင်မြထွန်းလာစဉ်က ထိုင်သော ကုလားထိုင်တွင်ထိုင်ရင်း မော်ကွန်းဝင် လက်မှတ်ကိုကြည့်၍ ပြောသောပြောစကားဖြင့် သခင်ထွန်းမြင့်အပေါ်တွင် စာဖတ်သူ စိတ်ဝင်စားစေရန် ဖန်တီးထားသည်။

ထို့နောက် သခင်ထွန်းမြင့်သည် သခင်မြထွန်းတို့ တို့ဗမာအစည်းအရုံး တည်ထောင်စတွင် ကျောင်းသားဘဝသာရှိသေး၍ ဂျပန်တော်လှန်ရေးတွင် ပါဝင်ခဲ့ပြီး ဖဆပလခေတ်တွင် အရေးပါ သော နိုင်ငံရေးသမား တစ်ယောက်ဖြစ်ကြောင်း ဖော်ပြထားသည်။ ဝန်ကြီးဘဝဖြင့် အကြိမ်ကြိမ် လည်ခဲ့ပြီး ယခုအချိန်မှာ နားနေရသူဖြစ်သည်ဟု ဖော်ပြထားသည်။

ထို့နောက်မှ သခင်ထွန်းမြင့်၏ ခံစားချက်များကိုလည်း သခင်ထွန်းမြင့်၏ ပြောစကားဖြင့် ပင်–

"တို့....နိုင်ငံရေးသမားတွေထဲမှာ လုပ်စားပြီး ကိုယ်ကျိုးရှာတဲ့လူတွေ မပါဘူးလို့ တော့ မဆိုလိုပါဘူး။ ဒါပေမယ့် ကိုယ့်တစ်ခေတ်မှာကိုယ်လည်း မအိပ်မနေ ဇိမ်ဆို တာများ မသိခဲ့ဘူး။ တော်လှန်ရေးဆိုတာလည်း တော်လှန်ရေးမို့လို့ ရွပ်ရွပ်ချွံချွံ ဆောင်ရွက်လာခဲ့ကြတာပဲ၊ ခုဒီဘက်ပိုင်းကျတော့ရောက်သမျှဒဏ်၊ ပုဏ္ဏားခံဆိုသလို ဝါးလုံးရှည် ကြီးနဲ့ သိမ်းကျုံးပြီးလက်ညှိုး ငေါက်ငေါက်ထိုး အပြောခံရတော့ သိပ်အသည်းနာတာ ပဲ" (စာ ၁၁၆)

ဟု၍ သရုပ်ဖော်တင်ပြထားသည်မှာ တစ်ချိန်က အနစ်နာခံ သခင်လူငယ်တို့၏ ဘဝကို မြင်ယောင်လာစေသည်။

ထို့နောက် မခင်ယုကလည်း သူသည်ဝန်ကြီးချုပ်၏ အတွင်းရေးမှူးဘဝနှင့် အလုပ်လုပ်ခဲ့ ဖူးသူဖြစ်သောကြောင့် နိုင်ငံ့အန္တရာယ်ကို မြင်ရသောအခါ ဖြစ်ပေါ်လာသောခံစားမှုကို–

"သခင်ထွန်းမြင့်တို့လိုပဲ စေတနာဆိုတာကလေးက ရင်ထဲမှာ အခံရှိနေတော့ ဒီတိုင်းပြည်တစ်နေ့ ခက်တော့မှာပဲဆိုတာ ရင်တထိတ်ထိတ်နဲ့ ကြာတော့ရောဂါ တောင်ရတာပဲ။ အဲဒီအဖြစ်ဟာ ကျွန်မရင်ထဲမှာ တစ်ဖက်သတ် အချစ်ထက်ဆိုး သေးတယ်" (စာ ၁၁၈)

ဟု၍ သူ၏ခံစားချက်ကို ဖွင့်ဟခဲ့သည်။ ထို့နောက် သခင်ထွန်းမြင့်က မခင်ယုအား–

"သခင်မြထွန်း တွေ့ရင်လည်း ကိုယ်တို့အပေါ် အတုံ့အလှည့်ရှိရင်ကျေပါလို့ ပြောလိုက်ကွယ်" (စာ ၁၁၉)

ဟူ၍ ပြောဆိုသွားပုံမှာ အဓိပ္ပါယ်များစွာကို ညွှန်းဆိုနေပေသည်။ သမိုင်းခေတ်အပြောင်းအလဲတွင် တစ်ဦးနှင့်တစ်ဦး အတုံ့အလှည့်များ ကြုံတွေ့ကြရသော နိုင်ငံရေးသမားတို့၏ ဘဝများကို ခံစားနားလည်လာစေသည်။

ထို့နောက် မခင်ယုသည် ဧရာဝတီမြစ်ကြီးကိုမြင်ယောင်လာပုံ၊ ဂျပန်ခေတ်က ဆရာမောင်ထင်ရေးသားသော ဘာသာအရေးကြီးဆုံးလဲ ပြဇာတ်ရေးစဉ်က သီချင်းသံသည် ပတ်ဝန်းကျင်မှ ပေါ်ထွက်လာပုံတို့ကို ဖော်ပြထားသည်။ ထိုအခိုက် မခင်ယုသည် မေနှင့်မလိခပေါင်းပုံအတွက် ကျေးဇူးတရားကြီးမားပုံကို ကဗျာစပ်ရန် ကာရန်ရှာလျက်ရှိကြောင်းဖြင့် ဝတ္ထုကိုအဆုံးသတ်ထားသည်။

ဤဝတ္ထုတွင် တို့ဗမာအစည်းအရုံး တည်ထောင်စဉ်ကာလကို အနည်းငယ်သာဖော်ပြထားသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် အကြိုက်စရိုက်၊ နိုင်ငံရေးအယူအဆ အမျိုးမျိုးနှင့်ဘဝအမျိုးမျိုးတို့ကို ဖြတ်သန်းနေကြသော သခင်ခေါင်းဆောင်တို့၏ ဘဝအမျိုးမျိုးကို ပုံဖော်ရေးသားထားသည်။

## ၁၊ ၇။ ခံပွင့်

စာရေးဆရာမခင်နှင်းယုရေးသားသော ခံပွင့်ဝတ္ထုသည် မြန်မာနိုင်ငံလွတ်လပ်ရေး ကြိုးပမ်းစဉ်ကာလနှင့် လွတ်လပ်ရေးရပြီးကာလတို့ကို နောက်ခံပြု၍ ရင်နင့်ဖွယ်၊ လွမ်းမောဖွယ်ရေးသားထားသော အိမ်ထောင်ရေးဇာတ်လမ်း တစ်ခုဖြစ်သည်။ အဓိကဇာတ်ဆောင်မှာ သခင်ကျော်ဖေယျနှင့် ခင်လေးတို့ဖြစ်သည်။ သခင်ကျော်ဖေယျနှင့် ခင်လေးတို့၏ ဘဝဇာတ်ကြောင်းများကို ဦးသာကျော်မှ ပုံပြင်ဆန်ဆန်ပြန်လည် ပြောပြဟန်သည် လွမ်းမောဖွယ် ဇာတ်လမ်းကို အားဖြည့်ပေးထားသည်။ ဇာတ်ဆောင်နှစ်ဦး၏ ဘဝဇာတ်ကြောင်းများမှ ခေတ်အရိပ်၊ ခေတ်အခြေအနေတို့ပေါ်တွင်မူတည်လှုပ်ရှားပြောင်းလဲနေသော လူသားတို့၏ ဘဝပုံရိပ်များကိုတွေ့မြင်ရသည်။

ခံပွင့်ဝတ္ထု၏အစတွင်ပင် ပန်းစံပယ် နန်းလယ်မပေါ်ခိုက်ဟာမို့ဟူသော ခံပွင့်ကဗျာကလေးနှင့်စတင်ခဲ့သည်။ ထို့နောက်–

> "ယုံရမှာခက်သော အကြောင်းတို့တွင် ဦးသာကျော် ကျွန်မကို ပြောသောပုံသည် သာ၍ယုံကြည်ရန် ခဲယဉ်းလှပေသည်။ သူကတော့ သူပြောသော အကြောင်းအရာများသည် ပုံမဟုတ်ဟူ၍ဆို၏" (စာ ၄၁၂)

ဟူ၍ စတင်ရေးဖွဲ့လိုက်ခြင်းသည်ပင် စာဖတ်သူတို့ စိတ်ဝင်စားစရာ ဖြစ်ခဲ့ရပါသည်။

ထို့နောက် ခင်လေးတို့ရွာ၏ ယာတောမှ လရောင်အောက်တွင် ဦးသာကျော်တို့ယာသမားများနှင့် သခင်ကျော်ဖေယျတို့ မကြာခဏတွေ့ဆုံကြသည်။ ထိုအချိန်တွင် သခင်ကျော်ဖေယျနှစ်ခြိုက်လျက်ရှိသော တောဓလေ့တောသဘာဝများကို–

> "ထိုစဉ်က သခင်ကျော်ဖေယျသည် မြေပဲကြော်နှင့် ရေနွေးကြမ်းကိုသာ နှစ်သက်ခဲ့ပေသည်။ ယာခင်းပြင်ကို ကျော်ဖြတ်လာသော ယာတော၏ လေအေးကို နှစ်နှစ်ခြိုက်ခြိုက် ရှူရှိုက်ခဲ့ရသည်။ ချိုအေးသော တောပန်းရနံ့ ရိုးရိုးကိုသာ သူနှစ်သက်ပါသည်ဟုဆိုသည်" (စာ ၄၁၃)

ဟု ရေးဖွဲ့ထားသည်။ ထို့နောက် သခင်ကျော်ဖေယျနှင့် ခင်လေးတို့၏ ချစ်ဇာတ်လမ်းအား–

> "ဤဘူးစင်အောက်တွင် သခင်ကျော်ဇေယျနှင့် ခင်လေးတွေ့ဆုံခြင်းကို အမေက တော့ မနှစ်သက်ပေ။ သို့သော် ဦးသာကျော် ကိုယ်တိုင်က ကောင်းသောတွေ့ခြင်း ဟု ဆိုသည့်အတွက် မငြင်းဆန်ပေ" (စာ ၄၁၃)

ဟု ရှေ့ဆက်မည့် ဇာတ်လမ်းအတွက် ပုံရိပ်ပြရေးသားခဲ့သည်။ ထို့နောက် သခင်ကျော်ဇေယျနှင့် ခင်လေးတို့ လက်ထပ်ပြီး သခင်ကျော်ဇေယျအား ခင်လေးကူညီခဲ့ရပုံများကို–

> "သခင့်မိန်းမဘဝတုန်းက သူ့ယောကျ်ားနိုင်ငံရေးကို လွတ်လွတ်ကျွတ်ကျွတ်လုပ် နိုင်ဖို့အတွက် ခင်လေးဟာ ကျောင်းဆရာမလေး လုပ်ရတယ်၊ အမေ့ရွာကိုတောင် ပြန်မလာနိုင်ဘူး။ ခုတော့ တော်လှန်ရေးအတွက် သူ့ယောကျ်ားကို ကူညီဖို့ရွာကို ခင်လေးပြန်ခဲ့ရတယ်။" (စာ ၄၁၅)

ဟူ၍ရေးဖွဲ့ထားသည်။ ခင်လေး၏ဘဝ အချိုးအကွေ့များသည် မိမိယောကျ်ားဖြစ်သူ သခင် ကျော်ဇေယျအား ကူညီရန်သာ ချိုးကွေ့ခဲ့ရပုံများကို ရေးသားထားသည်။ ထို့နောက်ဦးသာကျော် ၏ ပြောဟန်နှင့်ပင်–

> "သခင်ကျော်ဇေယျကို ခင်လေးဘယ်လို ကူညီခဲ့တယ်ဆိုတာ အမှန်အတိုင်းသိချင် ရင် အဲဒီ လက်ပံပင်ကြီးနဲ့ မြေကြီးကိုမေးကြည့်ပါလား" (စာ ၄၁၅)

ဟု လွမ်းမောဖွယ် ရေးသားခဲ့သည်။

ထို့နောက် တော်လှန်ရေးပြီး၍ အေးချမ်းသွားချိန်တွင် ခင်လေးသည် ဒုတိယအကြိမ် သခင် ကျော်ဇေယျနောက်သို့ လိုက်ပါခဲ့ရပြန်သည်။ ခင်လေးသည် သခင်ကျော်ဇေယျနောက်သို့ လိုက် သွားရသည့်အခါတိုင်း အမေသည် ခင်လေးထွက်သွားရာ မျက်စိတစ်ဆုံး လိုက်လံကြည့်ရှုပုံများကို လွမ်းမောတသဖွယ် ရေးသားတင်ပြထားသည်။

ဤဇာတ်လမ်းအား ပြောပြနေသော ဦးသာကျော်ကလည်း ဇာတ်လမ်းအချိုးအကွေ့များ၌ လွမ်းမောတသနေသော မျက်နှာအမူအရာများနှင့် ပြောနေဟန်ကို ဖန်တီးတင်ပြထားသည်။ ထို့နောက် ခင်လေးသည် အမေထံသို့ စာရေးရာတွင် တစ်စောင်နှင့်တစ်စောင် ဝေးကွာလှသည်ဟု ပြထားသည်။ ရေးသမျှသောစာများတွင် ခင်လေး၏ဘဝခံစားချက်များကို လိုရင်းဖော်ပြရေးဖွဲ့ ထားသည်။ စာတစ်စောင်တွင်–

> "အခုတော့ အမေ့သမီးဟာ သခင်မိန်းမ မဟုတ်တော့ဘူး။ အစ်ကိုတစ်ယောက် ပါလီမန်အတွင်းဝန် တစ်ယောက်ဖြစ်သွားပါပြီ။ ဒါပေမယ့် မီးဖိုချောင်ထဲက မထွက်ရလို့ အမေ့ဆီစာမရေးနိုင်ဘူး အမေရယ်" (စာ ၄၁၇)

ဟုလည်းကောင်း၊

> "အခုအစ်ကို တင်းနစ်သွားရိုက်တဲ့ အိမ်ဟာလေ ပဂ္ဂိုတို့အိမ် အမေရဲ့။ အစ်ကိုက ပြောတယ်၊ ပဂ္ဂိုတို့ဟာ အစ်ကိုနဲ့ တစ်မြို့တည်းသူငယ်ချင်းတွေတဲ့။ ဒါပေမယ့် အစ်ကို သခင်ကျော်ဇေယျဘဝတုန်းကဆိုရင် လှည့်လို့တောင် မကြည့်ဘူးတဲ့။ အစ်ကိုတို့ဟာ လူရှုပ်တွေ၊ သခင်ဆင်းရဲတွေဆိုပြီး အစ်ကိုတို့ကို အဖတ်မလုပ်ဘူး တဲ့။ အခုတော့ အစ်ကိုတို့ကို သူတို့အားလုံး ခင်မင်ပါတယ်လေ။ ဒါကြောင့်သမီး လည်း ဝမ်းသာပါတယ် အမေရယ်" (စာ ၄၁၇)

ဟုလည်းကောင်း ဆင်းရဲဒုက္ခရောက်ချိန်တွင် အဖတ်မလုပ်ကြသောသူများက ကောင်းစားစဉ်တွင် လာရောက် ဝိုင်းဝိုင်းလည်နေတတ်ကြသော လူ့သဘောသဘာဝနှင့် ထိုခေတ်၏ နိုင်ငံရေးသဘော နှင့် လူ့မနောတို့ကို ယှဉ်တွဲရေးဖွဲ့ထားသည်။ ထို့ပြင် ယခင်က ရေနွေးကြမ်းနှင့် မြေပဲကြော်ကို နှစ်ခြိုက်ခဲ့သော သခင်ကျော်ဖေယျသည်လည်း ပေါင်မုန့်ထောပတ်သုတ်နှင့် ကော်ဖီကိုသာ နှစ်သက်လာကြောင်း အရိပ်နိမိတ်ဖြင့် ရေးသားတင်ပြထားသည်။

ထို့နောက် ခင်လေးသည် အမေဆီသို့ စာတစ်စောင်ရေးခဲ့ပြန်သည်။ ထိုစာတွင်–

> "အစ်ကိုလေ သိလား၊ အစ်ကိုရယ် ပဂ္ဂိုနဲ့ နက်ဖြန်ခါ လက်ထပ်ကြတော့မယ်။ သမီး ဒီမှာ ဘယ်လိုနေလို့ဖြစ်မလဲ။ သမီးမှာ အပြစ်တွေ အများကြီးရှိတယ်လို့ အစ်ကိုက ပြောတယ်။ ဘယ်လိုအပြစ်တွေ ရှိသလဲလို့ သမီးသိချင်လိုက်တာ။ အစ်ကို့ကို မမေးရဲလို့ မမေးတော့ဘူးအမေ" (စာ ၄၁၈)

ဟု ရေးသားဖော်ပြထားသည်။ ထို့နောက်–

> "ဦးသာကျော်က စာရွက်ကိုကိုင်ကာ ငိုင်နေသည်။ အမေကတော့ ပြုံး၍နေ၏။ သမီးပြန်လာတာ မှန်တာပေါ့ မောင်သာကျော်ဟု ဆို၏" (စာ ၄၁၉)

ဟူ၍ အမေ၏ သဘောထားနှင့် စရိုက်သဘာဝများကိုလည်း ထိထိမိမိသရုပ်ဖော်ထားသည်။

ထို့နောက် ခင်လေးရွာသို့ ပြန်လာသောအခါ ဦးသာကျော်နှင့် အမေတို့လာရောက်ကြိုဆိုသောနေရာကို–

> "ခင်လေးသည် ခေါင်းကို ဖြည်းဖြည်းညိတ်လိုက်၏။ သူ့မျက်လုံးမှ မျက်ရည်များ သည် မြေပေါ်သို့ ခုန်၍ကျသွားကြသည်။ ဤမြေကွက်မှာ ရွာသားတို့ကျဆုံးစဉ်က သွေးစွန်းခဲ့သော နေရာဖြစ်သည်။" (စာ ၄၂၀)

ဟူ၍အင်္ဂလိပ်အစိုးရကိုတော်လှန်ခဲ့စဉ်က ရွာသားတို့ကျဆုံးခဲ့သောနေရာလေးကို အမှတ်ထင်ထင် ရေးသားတင်ပြလိုက်သည်။

ထို့နောက် ထိုနေရာတွင် ခံချုံများပေါက်ရောက်နေပုံကို ပုံပြင်ဆန်ဆန်ပြောရင်း–

> "ဤခံပွင့်များသည် ခင်လေး၏ အသည်းနှလုံးကိုပင် ကိုယ်စားပြုလေသလော ကျဆုံးသွားရရှာသော ရဲဘော်တို့၏ သွေးစက်ကိုပင် ကိုယ်စားပြုလေသလော ဆိုသည်ကိုမူ ဦးသာကျော်က ဖွင့်ဟ၍ ပြောမသွားပေ" (စာ ၄၂၀)

ဟူ၍ လွမ်းမောဖွယ် ဝတ္ထုကို အဆုံးသတ်ထားသည်။

ဤဝတ္ထုသည်နိုင်ငံလွတ်လပ်ရေးမရမီ၌ နိုင်ငံလွတ်လပ်ရေးအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်း ရှိသမျှဖြင့် အစွမ်းကုန်ကြိုးပမ်းခဲ့သော သခင်ကျော်ဖေယျ၏ဘဝ၊ သခင်တို့ကို ကိုးကွယ်ရာ အဖြစ်သတ်မှတ်ခဲ့ပြီး သခင်တို့၏ နိုင်ငံရေး ဦးဆောင်မှုအရိပ်မှ တိုင်းပြည်တာဝန်ကို အသက်ပေး ထမ်းဆောင်ခဲ့ကြသော ကျေးရွာသားတို့၏ဘဝ၊ လွတ်လပ်ရေးရပြီးကာလ ကျေးရွာသားတို့၏ဘဝ နှင့် လွတ်လပ်ရေးပြီးကာလတွင် ရာထူးစည်းစိမ်ရရှိကြသော သခင်အချို့၏ဘဝနှင့် လူ့သဘော၊ သဘာဝအကြိုက်စရိုက်များ ပြောင်းလဲလာပုံ၊ လွမ်းမောဖွယ် အိမ်ထောင်ရေးဇာတ်လမ်းအဖြစ် ဖန်တီးတင်ပြထားသည်။

## ခြုံငုံသုံးသပ်ချက်

စာရေးဆရာမ ခင်နှင်းယုသည် ကိုလိုနီခေတ်နှောင်းပိုင်းနှင့် လွတ်လပ်ရေးရပြီး ကာလများကို ဝတ္ထု၏ နောက်ခံအဖြစ် ရေးသားဖွဲ့နွဲ့လေ့ရှိသည်။ နေရာဒေသ အနေဖြင့် မိမိ၏ ဇာတိမြို့ဖြစ်သော ဝါးခယ်မမြို့ကို နောက်ခံပြုရေးသားတတ်သည်။ ဤစာတမ်းတွင် လေ့လာတင်ပြထားသော ဝတ္ထု သုံးပုဒ်အနက်မှ နှစ်ပုဒ်သည် ဝါးခယ်မမြို့ကို နောက်ခံပြု ရေးသားထားပြီး ရန်ကုန်မြို့နောက်ခံ အနည်းငယ်ပါဝင်သည်။ တစ်ပုဒ်သည် အညာဒေသ နောက်ခံဖြစ်သည်။ အချိန်ကာလအားဖြင့် ကိုလိုနီခေတ်နှောင်းပိုင်းကာလ လွတ်လပ်ရေးရရှိရန် အရှိန်အဟုန်ဖြင့် ကြိုးပမ်းနေဆဲကာလနှင့် လွတ်လပ်ရေးရပြီးစကာလတို့ကို နောက်ခံပြုရေးဖွဲ့ထားသည်။

ဝတ္ထုနောက်ခံများတွင် ၁၉၂၀ ပြည့် ပထမကျောင်းသားသပိတ် လှုပ်ရှားမှုကာလ၊ ၁၉၃၀ ပြည့်နှစ် ဒို့ဗမာအစည်းအရုံး တည်ထောင်သည့်ကာလ၊ ၁၉၃၈ ခုနှစ် ရေနံမြေသပိတ်မှောက်သည့် ကာလ၊ ဆရာစံ၏ တောင်သူလယ်သမား အရေးတော်ပုံကာလ၊ ၁၉၃၉ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဒုတိယကမ္ဘာစစ်ကာလတို့၏ နိုင်ငံရေးနှင့် လူမှုရေးအခြေအနေများကို နောက်ခံပြု၍ ဝါးခယ်မမြို့ တွင် ၁၉၃၅ ခုနှစ်တွင် ဒို့ဗမာအစည်းအရုံး တည်ထောင်ခဲ့ပုံကို ပီပြင်စွာ သရုပ်ဖော်ထားသည်။ ထို့အပြင် ၁၉၃၉ ခုနှစ်တွင် ဝါးခယ်မမြို့၌ ရေကြီး၍ လယ်သမားများ ဒုက္ခရောက်ခဲ့ကြရပုံများကို လည်း သမိုင်းနောက်ခံနှင့် ဆက်စပ်၍ ပီပြင်စွာ သရုပ်ဖော်ထားသည်။

ဝတ္ထုတစ်ပုဒ်ချင်းစီတွင် လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသော သခင် လူငယ်တို့၏ စိတ်ဓါတ်၊ အားမာန်၊ အနစ်နာခံမှုများနှင့် အရည်အချင်းများကို ပေါ်လွင်စွာရေးသား တင်ပြထားသည်။ ထို့ကြောင့် ထိုခေတ်က ခေတ်သစ်လူငယ်တို့၏ ဘဝကို စာဖတ်သူခံစား နားလည်လာစေသည်။ အားကျဂုဏ်ယူစိတ်၊ ကရုဏာစိတ်များ ဖြစ်ပေါ်စေသည်။

ထို့နောက်လွတ်လပ်ရေးရပြီး နိုင်ငံရေးအယူအဆအမျိုးမျိုးနှင့်ဘဝအထွေထွေကို ဖော်ကျူး ထားသည်မှာ သမိုင်းအမြင်ကို တွေးတောဆင်ခြင်စေသည်။ သမိုင်းအမြင်ကို ရှင်သန်စေသည်။ ဘဝ လမ်းတစ်လျှောက် အနစ်နာခံဘဝဖြင့်သာ ရပ်တည်ခဲ့ကြသော ခေါင်းဆောင်ကောင်းများ အပေါ်တွင် ကရုဏာသက်စေသည်။ နိုင်ငံတစ်နိုင်ငံတည်ဆောက်ရာတွင် အနစ်နာခံဘဝများရှိပုံ သတိပြုမိစေ သည်။

ထို့မျှမက ခေတ်ကာလအပြောင်းအလဲနှင့် လူ့သဘောလူ့သဘာဝ အပြောင်းအလဲများကို လည်း သတိပြုဖွယ် တွေ့မြင်ရသည်။ ထို့ကြောင့် စာရေးဆရာမ ခင်နှင်းယုရေးသားခဲ့သော ဝတ္ထုတိုများတွင် သမိုင်းအမြင်၊ ဘဝအမြင်ကို ရှင်သန်စေသော ဝတ္ထုတိုများစွာပါဝင်နေပါသည်။ လူငယ်တို့အနေဖြင့် ဘဝသင်ခန်းစာ၊ သမိုင်းသင်ခန်းစာများကို ခံစားနားလည်နိုင်ရန် ခင်နှင်းယု၏ ဝတ္ထုတိုများကို လေ့လာဖတ်ရှုသင့်ပါသည်။

## နိဂုံး

ရသစာပေများတွင် နှစ်သက်ခြင်း ခံစားမှုရသ သက်သက်ကိုပေးသော ရသစာပေများနှင့် ဘဝ အာနိသင်ကို ရရှိစေသော ရသစာပေများဟူ၍ နှစ်မျိုးရှိသည်။ စာရေးသူ၏ ဘဝအတွေ့အကြုံနှင့် စေတနာ အလေးအပေါ့တို့အပေါ်တွင် မူတည်၍ ရသစာပေအဆင့်ဆင့် ဖြစ်ပေါ်လာကြသည်။

စာရေးဆရာမ ခင်နှင်းယုသည် ဝန်ကြီးချုပ်ဦးနု၏ အတွင်းရေးမှူးအဖြစ်သာမက ဘဝပတ်ဝန်းကျင်တွင် ကိုယ်တိုင်တွေ့ကြုံခဲ့ရသော ကိုလိုနီခေတ်နှင့် လွတ်လပ်ရေးရပြီးကာလတို့၏ အတွေ့အကြုံ များရှိခဲ့ပြီးဖြစ်သည်။ ထိုအတွေ့အကြုံများအပေါ်တွင် အခြေခံပြီးတိုင်းပြည်နှင့် လူမျိုးတိုးတက်စေလိုသော စေတနာဖြင့်ဝတ္ထုတို၊ ဝတ္ထုရှည်များ ရေးသားခဲ့သည်ကို ဆရာမရေးသားသောဝတ္ထုများက သက်သေခံလျက်ရှိသည်။ စာရေးဆရာမခင်နှင်းယု၏ ဝတ္ထုများကဲ့သို့ လူငယ်များအတွေးအမြင် ရင့်သန်စေသော ရသစာပေများ များစွာပေါ်ထွက်သင့်ပေသည်။

## ကျေးဇူးတင်လွှာ

ဤစာတမ်းဖြစ်မြောက်ရေးအတွက်ဝိုင်းဝန်းကူညီပေးပါသော ပါမောက္ခချုပ်ဆရာမကြီး ဒေါက်တာသိင်္ဂီရွှေ၊ ဟင်္သာတတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာမကြီးဒေါက်တာရီရီသန်း၊ ဟင်္သာတတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာကြီးဒေါက်တာအေးလွင်နှင့် ဟင်္သာတတက္ကသိုလ်အားလည်းကောင်း၊ ဟင်္သာတတက္ကသိုလ်သုတေသနဂျာနယ် ဖြစ်မြောက်ရေးအဖွဲ့ဝင်များအားလည်းကောင်း၊ မြန်မာစာဌာန ပါမောက္ခ(ဌာနမှူး) ဆရာမကြီး ဒေါက်တာအိအိခင်နှင့် ပါမောက္ခဆရာမကြီး ဒေါက်တာခင်မြင့်ရီ တို့အားလည်းကောင်း ကျေးဇူးအထူးတင်ရှိပါသည်။

## ကျမ်းကိုးစာရင်း

ခင်နှင်းယု၊ (၂၀၁၇)။ ***ဝတ္ထုတိုများပေါင်းချုပ်***၊ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

ဇော်ဂျီ၊ (၂၀၁၅)။ ***စာရှုခင်း(၃)၊ ရသစာပေအဖွင့်နှင့်နိဒါန်း***၊ ရန်ကုန်၊ ချာလီပုံနှိပ်တိုက်။

ဇော်ဇော်အောင်၊ (၂၀၁၅)။ ***စာပေသဘောတရားနှင့် ဝေဖန်ရေးအခြေခံကျမ်း(တကြိမ်)***၊ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

တာရာ(ဒဂုန်-)၊ (၁၉၇၀)။ ***စာပေသဘောတရား***၊ ရန်ကုန်၊ နံ့သာပုံနှိပ်တိုက်။